ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာ**

အမှတ်၊ ၅၁ / ၂၀၂၀

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်)

## ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည် အမျိုးအစားများနှင့် စပ်လျဉ်း၍ အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုချက်အား ထပ်မံ ဖြည့်စွက်ခြင်း

၁။ ယခုအခါ လတ်တလောကမ္ဘာ့နိုင်ငံအဝန်းတွင် ဖြစ်ပေါ်လျက်ရှိသည့် Coronavirus Disease 2019 (COVID-19 ) ကို ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဘက်ဆိုင်ရာ ကိရိယာများ၊ အသုံးအဆောင်များ၊ ပိုးသတ်ဆေးများနှင့် ဆေးဝါးများသည် ၂၀၁၉ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ၁၄၊ ပုဒ်မခွဲ (က) ၏ ဇယားတွင် ပါရှိသည့် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သော ကုန်စည်အမျိုးအစား၏ ကျန်းမာရေးဆိုင်ရာ ကုန်စည်များ အောက်ရှိ ဇယား အမှတ်စဉ် ၂၃ ကုန်စည်များတွင် အပါအဝင်ဖြစ်ကြောင်း ရှင်းလင်းစွာသိရှိကြစေရန် ဤအဓိပ္ပာယ် ရှင်းလင်းချက်ကို ထုတ်ပြန်ရခြင်း ဖြစ်ပါသည်။

၂။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ထိုဥပဒေ၏ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ဇယားပါ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစားများ အနက် ကုန်စည် (၁၇) မျိုးအား အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်းနှင့် စပ်လျဉ်းသည့် ၆-၂-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၄/၂၀၂၀ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန် အကောက်ဥပဒေ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၆-၂-၂၀၂၀

ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၄/၂၀၂၀ ၏ စာပိုဒ် ၈ ဇယားပါ အမှတ်စဉ် ၁၇ ၏ နောက်တွင် အမှတ်စဉ် ၁၈ နှင့် အမှတ်စဉ် ၁၉ ကို အောက်ပါအတိုင်း ထပ်မံဖြည့်စွက်လိုက်သည် -

| စဉ် | အမှတ်စဉ် | ကုန်စည်အမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၁၈ | ၂၃ | ကုသရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံး ပစ္စည်းကိရိယာ တန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ | COVID-19 ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာ ဆေးဘက် ဆိုင်ရာ ကိရိယာများ၊ အသုံး အဆောင်များ၊ ဝတ်စုံများ၊ စမ်းသပ် စစ်ဆေးသည့် ကိရိယာ စသော ဆေးဘက်ဆိုင်ရာ (ပူးတွဲ ဇယားပါ) ကိရိယာများလည်း အပါ အဝင် ဖြစ်ပါသည်။ |
| ၁၉ | ၂၃ | အခြား လူသုံး ဆေးဝါးအမျိုးမျိုး နှင့် တိုင်းရင်း ဆေးဝါး အမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထား သော ဆေးဝါးများမှအပ FDA မှတ်ပုံ တင် လက်မှတ် ရရှိပြီး ဆေးဝါး များ) | FDA မှတ်ပုံတင်လက်မှတ် ရရှိပြီးဖြစ်သော COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါး၊ ပိုးသတ်ဆေး၊ လက်သန့်ဆေးရည် စသည့် ဆေးဝါးများလည်း ပါဝင်သည်။ |

၄။ ဤအမိန့်ကြော်ငြာစာသည် အမိန့်ကြော်ငြာစာအမှတ်၊ ၂၄/၂၀၂၀ ၏ သက်ရောက်မှုအတိုင်း အကျိုးသက်ရောက် စေရမည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘစ/ ဘဏ္ဍာ-၂/ ၁/ ၂၉၅ (၁၆၈၂/ ၂၀၂၀)
ရက် စွဲ၊ ၂၀၂၀ ပြည့် နှစ်၊ ဧပြီ လ ၉ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
မြန်မာနိုင်ငံစာရင်းကောင်စီ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများအားလုံး
ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁) တွင် ထည့်သွင်းကြေညာပေးပါရန်။)
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)
( ညီနောင်အသင်းများအား ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)
ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

8/4/2020
(ထွန်းထွန်းနိုင်)
အမြဲတမ်းအတွင်းဝန်

## ကုသရေးဦးစီးဌာနက သတ်မှတ်သော COVID-19 တားဆီးကာကွယ်ကုသရာတွင် အသုံးပြုသည့် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ

| Sr.No | Commodity |
|---|---|
| 1 | Automatic pipette |
| 2 | Binocular microscope Compound |
| 3 | Biosafety Cabinet, Class II A2 |
| 4 | Cassettee filling Cabinet |
| 5 | Centrifuge (12 holes)RPM |
| 6 | Centrifuge (20 holes) |
| 7 | CO2 Incubator |
| 8 | Cooled incubator |
| 9 | Counting chamber |
| 10 | Culture & sensitivity machine |
| 11 | Digital balance |
| 12 | Digital balance for pipette calibration |
| 13 | Electrolyte Analyzer |
| 14 | Electron microscope |
| 15 | ESR stand & tube |
| 16 | Fluorecent Microscope (fluroscope) |
| 17 | Fully auto biochemical analyzer System |
| 18 | Fully auto coagulation analyzer |
| 19 | Grossing station |
| 20 | Haematology analyzer (3 parts) |
| 21 | Laboratory timer |
| 22 | Laminar air flow cabinet |
| 23 | Microtome |

ကုသရေးဦးစီးဌာနက သတ်မှတ်သော COVID-19 တားဆီးကာကွယ်ကုသရာတွင် အသုံးပြုသည့် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ

| Sr.No | Commodity |
|---|---|
| 24 | Pharmaceutical refrigerator |
| 25 | Sahli's box |
| 26 | Semiauto biochemical analyser |
| 27 | Sterilization indicators for autoclaves |
| 28 | Storage Refrigerator (2-8'C) |
| 29 | The IF sprinter (Indirect Immunofluoremcence) |
| 30 | Urine Analyser |
| 31 | Computed radiography(CR) |
| 32 | CT Scan 16 slices (Computed Tomography) |
| 33 | Laser Imager |
| 34 | Lead Apron |
| 35 | Lead shields vest |
| 36 | Ultrasound |
| 37 | Cardiac Table |
| 38 | Dressing Trolley |
| 39 | ICU Bed (Intensive Care Unit) |
| 40 | Instrument table |
| 41 | Instrument tray |
| 42 | Instruments Cabinet |
| 43 | Mayo's Trolley |
| 44 | Medicine Trolley |
| 45 | Nebulizer |
| 46 | Patient's Trolley |
| 47 | Anaesthetic Trolley |

ကုသရေးဦးစီးဌာနက သတ်မှတ်သော COVID-19 တားဆီးကာကွယ်ကုသရာတွင် အသုံးပြုသည့် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ

| Sr.No | Commodity |
|---|---|
| 48 | Blood gas analyzer (Poison Unit) |
| 49 | Central Monitor |
| 50 | Laryngoscope (Adult & Child) |
| 51 | Ventilator (Non-Invasive, Transport, ICU) |
| 52 | Oxygen Cylinder (Large & Small) |
| 53 | Oxygen Plant |
| 54 | Patient Monitor for ICU (Basic+ Invasive+CO2) |
| 55 | Portable blood gas Analyzer |
| 56 | Pulse Oxymeter (Hand-held) |
| 57 | PPE (Full Set) |
| 58 | N - 95 (Mask) |
| 59 | Surgical Mask |
| 60 | Non contact thermometer |
| 61 | Surgical glove |
| 62 | Isolation Gown |
| 63 | Rubber Boots |
| 64 | Face Shield (cover) |
| 65 | Goggles |
| 66 | Disposable cap |
| 67 | E Glove |
| 68 | Bleaching Powder |
| 69 | Hand Sanitizer (500 ml) |
| 70 | Isopropyl Alcohol (2-Litre) |
| 71 | Viral transport media |

ကုသရေးဦးစီးဌာနက သတ်မှတ်သော COVID-19 တားဆီးကာကွယ်ကုသရာတွင် အသုံးပြုသည့် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ

| Sr.No | Commodity |
|---|---|
| 72 | Shoe cover |
| 73 | Hand speaker |
| 74 | Apron |
| 75 | Sprayer |
| 76 | ICU Bed |
| 77 | Thermal Scanner |